**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့**

**သတင်းထုတ်ပြန်ချက်**

**၁၈ ဖွန် ၂၀၁၉ ဂရင်းနစ် စံတော်ချိန် ၀၀း၀၁ အထိ မထုတ်ပြန်ရန်**

# မြန်မာ/ဘင်္ဂလားဒေ့ရှ် - စစ်တပ်၏ ရက်စက်ညှင်းပန်းမှုများကို ခံစားရပြီးနောက်တွင်လည်း သက်ကြီးရွယ်အိုများမှာ ဒုက္ခသည်စခန်းများတွင် ၎င်းတို့၏ ဂုဏ်သိက္ခာကို ငြင်းပယ်ခြင်းခံနေရပါသည်။

စစ်တပ်၏ ရက်စက်ညှင်းပန်းမှုများကို ခံစားနေရပြီး ရပ်ရွာနေအိမ်များကို စွန့်ခွာထွက်ပြေးနေရသည့် မြန်မာနိုင်ငံ တဝန်းရှိ ထောင်ပေါင်းများစွာသော လူနည်းစု တိုင်းရင်းသားလူမျိုး သက်ကြီးရွယ်အို အမျိုးသား အမျိုးသမီးများအပေါ်တွင် ၎င်းတို့၏ အခွင့်အရေးများနှင့် လိုအပ်ချက်များကို လူသားချင်းစာနာထောက်ကူသည့် အကူအညီပေးရေး စနစ်ကလည်း ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ခြင်းမရှိဟု ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြားလိုက်ပါသည်။

"ဘဝတစ်လျောက်လုံး ထွက်ပြေးတိမ်းရှောင်နေရတယ်"- သက်ကြီးရွယ်အိုများ၏ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများနှင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှု အတွေ့အကြုံများ အစီရင်ခံစာသည် လက်နက်ကိုင်တိုက်ပွဲများနှင့် ပဋိပက္ခများ အကြားတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးခြင်းများ အပါအဝင် သက်ကြီးရွယ်အိုများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာများအား မည်သို့မည်ပုံ အလေးပေး ဂရုပြုခံရခြင်း မရှိသည့်အကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ပထမဦးဆုံး ပြည့်စုံသော စုံစမ်းစစ်ဆေးမှု ဖြစ်ပါသည်။

"မြန်မာနိုင်ငံအတွင်းမှာ ရှိသော လူနည်းစုတိုင်းရင်းသားများသည် စစ်တပ်၏လက်ထဲတွင်

အကြိမ်ကြိမ် ထပ်တလဲလဲ နှိပ်စက်ညှဉ်းပန်းမှုများကို ဆယ်စုနှစ်များစွာ ခံစားခဲ့ကြရသည်။ မကြာသေးမီက စစ်တပ်က စစ်ဆင်ရေးများပြုလုပ်စဉ် ကျူးလွန်ခဲ့သော ရက်စက်မှုများကို ခံခဲ့ရသော သက်ကြီးရွယ်အို အတော်များများသည် ယင်းကဲ့သို့ ရက်စက်မှုများကို ၎င်းတို့ ကလေးအရွယ်၊ လူငယ်အရွယ်ကလည်း ခံစားခဲ့ကြရပြီးဖြစ်သည်။ ၎င်းတို့ ကြုံတွေ့ခံစားခဲ့ရမှုများက စစ်တပ်၏ ကာလတာရှည်ကျင့်သုံးခဲ့သော ရက်စက်မှုများကို ရှင်းရှင်းလင်းလင်း ဖော်ပြနေပြီး၊ တရားမျှတမှု လိုအပ်နေကြောင်းလည်း ပြနေပါသည်”ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ပဋိပက္ခဆိုင်ရာ အကြီးတန်းအကြံပေး မက်သယူးဝဲလ်စ်က ဆိုပါသည်။

“ပဋိပက္ခများနှင့် စစ်တပ်၏ နှိပ်စက်မှုများကြောင့် ဒုက္ခသည် စခန်းများသို့ ရောက်လာရသော လူပေါင်းတစ်သန်းကျော်တွင် သက်ကြီးရွယ်အိုများမှာလည်း ထောင် သောင်းချီ ပါဝင်လာပါသည်။ လူသားချင်းစာနာကူညီသည့် အဖွဲ့များသည် ဒုက္ခအကျပ်အတည်း တစ်ခုပြီးတစ်ခုကို ကူညီပေးခဲ့ကြပြီး အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့ကြသည်မှာ ချီးကျူးလေးစားဖွယ်ဖြစ်သည်။ သို့ရာတွင် ယင်းသို့ ကယ်ဆယ်မှုများကြားမှပင် သက်ကြီးရွယ်အိုများ၏ သီးခြားလိုအပ်ချက်များကို ဂရုမပြုမိကြပဲ ကျန်ရစ်ခဲ့သည်များလည်း ရှိပါသည်။ လူသားချင်းစာနာ ကူညီမှုများသည် ယခုထက်ပို၍ လူအားလုံးကို လွှမ်းခြုံထည့်သွင်းနိုင်ရမည် ဖြစ်သည်။”

ယခုအစီရင်ခံစာကို ကချင်၊ လီဆူ၊ ရခိုင်၊ ရိုဟင်ဂျာ၊ ရှမ်းနှင့် တအာင်း လူနည်းစုများထဲမှ အသက်အရွယ်ကြီးရင့်သော အမျိုးသမီး၊ အမျိုးသားကြီးများနှင့် မေးမြန်းမှု ၁၄၆ ခုကို အခြေပြု ရေးသားပြုစုထားပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၁၉ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံသို့ သုံးကြိမ်သွားရောက်ကာ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများသို့လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းမှ ဒုက္ခသည်စခန်းများသို့လည်းကောင်း သွားရောက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မေးမြန်းခဲ့သူများထဲတွင် အသက် ၅၄ နှစ်မှ ၉၀ နှစ်အထိ အသက်အရွယ်ရှိသူများ ပါဝင်ပါသည်။

**အသက်အရွယ်ကြီးသူများအပေါ် စစ်ရာဇဝတ်မှု ကျူးလွန်မှုများ**

မြန်မာစစ်တပ်က ကချင်၊ ရခိုင်နှင့် ရှမ်းပြည်ဒေသများတွင် ရက်စက်သောရာဇဝတ်မှုများ ကျူးလွန်ခဲ့ရာတွင် အသက်အရွယ်ကြီးရင့်သူများမှာလည်း သီးခြားအန္တရာယ်များနှင့် ရင်ဆိုင်ကြရသည်။ စစ်တပ်အနီးအနားသို့ရောက်လာသည်ဟု သတင်းကြားပြီး ရွာလုံးကျွတ်နီးပါး ထွက်ပြေးကြချိန်တွင် သက်ကြီးရွယ်အိုများမှာ နေအိမ်သံယောဇဉ်ကြောင့်

လည်းကောင်း၊ ကိုယ်တိုင်မပြေးမလွှားနိုင်၍လည်းကောင်း ရွာထဲတွင် ကျန်ရစ်တတ်ကြပါသည်။ ရွာထဲတွင် ၎င်းတို့ကို တွေ့ရှိသွားပါက စစ်တပ်က ဖမ်းဆီးနှိပ်စက်ခြင်း၊ အမျိုးသမီးများကော အမျိုးသားများကိုပါ တခါတရံ သတ်ဖြတ်ခြင်းများ ပြုလုပ်တတ်ကြသည်။

၂၀၁၉ မတ်လက ရွာအနီးတွင် မြန်မာ့တပ်မတော်နှင့် အေအေ ရခိုင်တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ချိန် အခြားရွာသားများ ထွက်ပြေးသွားအပြီးတွင် အကြားအာရုံချို့တဲ့သဖြင့် တိုက်ပွဲဖြစ်သည်ကို မကြားမိ၍ ရွာထဲကျန်ရစ်သော အသက် ၆၇ နှစ်အရွယ် ရခိုင်အဖိုးအိုတစ်ဦးက ရွာထဲဝင်လာသော စစ်သားများက သူ့အား အိမ်အပြင်ထွက်စေပြီး ပြုမူခဲ့ကြပုံကို ပြန်ပြောပြပါသည်။"စစ်ပိုလ်ရှေ့ကိုရောက်တဲ့အခါ စစ်သားတွေက ကျွန်တော့်လက်ကို နွားချည်တဲ့ ကြိုးနဲ့ နောက်ပြန် ကြိုးတုပ်လိုက်တယ်။ ပြီးတော့ အေအေတွေ ရွာကို လာသလားလို့ မေးတယ်။ မလာပါဘူး၊ အေအေကို တစ်ခါမှ မမြင်ဖူးဘူးလို့ဖြေတော့ စစ်သားတွေက ကျွန်တော့်ကို ရိုက်ကြတယ်။"

၂၀၁၇ ခုနှစ် စစ်တပ်မှ ရိုဟင်ဂျာများကို တိုက်ခိုက်ခဲ့စဉ်ကလည်း သက်ကြီးရွယ်အို အမျိုးသားအမျိုးသမီးကြီးများ သူတို့၏နေအိမ်ထဲတွင်ပင် အရှင်လတ်လတ်မီးရှို့အသတ်ခံခဲ့ရသည်။ မောင်တောမြို့နယ်အတွင်းရှိ သူတို့ရွာထဲသို့ စစ်သားများဝင်လာချိန်တွင် အသက် ၅၀ အရွယ်ခန့်ရှိ မာရီယမ်ခါတွန်သည် ကလေးသုံးဦးကို ခေါ်၍ ရွာအနီးမှ တောအုပ်ထဲ ဝင်ပြေးခဲ့သည်။ "ကျွန်မ မိဘတွေက ရွာထဲမှာ ကျန်ခဲ့တယ်။ ကလေးအငယ်လေး နှစ်ယောက်လည်း ကျန်ခဲ့တယ်။ ကျွန်မ ဘယ်လို ခေါ်လာနိုင်မလဲ။ မိဘတွေကလည်း မပြေးနိုင်ကြဘူး" ဟု သူကပြောပြသည်။

သူနှင့် ကလေးများ ရွာနံဘေးမှ ချောင်းအစပ်သို့ရောက်အပြီးတွင် မာရီယမ်ခါတွန်က ရွာဘက်သို့လှမ်းကြည့်လိုက်သည့်အခါ ရွာမီးလောင်နေသည်ကို တွေ့လိုက်ရသည်။ သူ့မိဘများ အိမ်ထဲမှာပင် ရှိနေကြသည်ကို သူ သိခဲ့ပါသည်။

ရိုဟင်ဂျာရွာအသီးသီးမှ အသတ်ခံရသော လူစာရင်းကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က လေ့လာဆန်းစစ်ကြည့်ရာ အသတ်ခံရသူများထဲတွင် အသက်အရွယ်ကြီးရင့်သူများ အများအပြားပါဝင်နေကြောင်း တွေ့ရသည်။ နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ လေ့လာမှုအရလည်းယင်းအချက်မှန်ကန်ကြောင်း တွေ့ရသည်။ ၂၀၁၇ ခုနှစ်ဩဂုတ်လ ၂၅ ရက်နေ့တွင် စစ်တပ်က ရက်စက်သော ထိုးစစ်များစတင်ခဲ့အပြီး

တစ်လအကြာတွင် သေဆုံးခဲ့ရသူများထဲတွင် အများစုမှာ အသက် ၅၀ နှင့်အထက် ရိုဟင်ဂျာအမျိုးသား အမျိုးသမီးကြီးများ ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ရခိုင်နဲ့ ကချင်က စစ်ဘေးဒဏ်ကနေ ပြေးရသူ အသက်ကြီးသူများအတွက် တောင်ထူထပ်သော နယ်ခြားဒေသလမ်းများက အခက်အခဲတွေ့စေသည်။ စစ်တပ်က ပင်မလမ်းများကို ပိတ်ဆို့ထားပြီး လူသားချင်းစာနာသည့် အကူအညီများပေးပို့မှုကို ကန့်သတ်ပိတ်ဆို့ထားတတ်သည့်အတွက်လည်း ပို၍ အခြေအနေကိုဆိုးစေပါသည်။ အွန္တရာယ်ကင်းရာသို့ ထွက်ပြေးရင်း လမ်းတွင် ကျန်းမာရေးစောင့်ရှောက်မှု မရနိုင်သည့်အတွက် အသက်ဆုံးရသော အသက်အရွယ်ကြီးရင့်သူ အများအပြားရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အထောက်အထားများ ရရှိခဲ့သည်။

## လူသားချင်းစာနာသည့် အကူအညီများ မလုံလောက်မှု

ရိုဟင်ဂျာ ကိုးသိန်းကျော် ဒုက္ခသည်စခန်းများတွင် နေနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးနေရသူ နှစ်သိန်းခွဲကျော်ရှိသော မြန်မာနိုင်ငံတွင်းမှ လိုအပ်ချက်များအတွက် ကုလသမဂ္ဂနှင့် လူသားချင်းစာနာကူညီသည့်အဖွဲ့များက ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့ပါသည်။ အလှူရှင်များဘက်မှ ပေးအပ်ငွေ မလုံလောက်မှုနှင့် နှစ်နိုင်ငံလုံးမှ အစိုးရများ၏ ကန့်သတ်မှုများ၊ အထူးသဖြင့် မြန်မာအစိုးရ၏ တင်းကျပ်သော ကန့်သတ်မှုများက အခြေအနေကို ပိုခက်ခဲစေပါသည်။ ယင်းသို့ အကန့်အသတ်များကြားမှ ပေးအပ်နေသော အထောက်အကူများမှာလည်း အသက်ကြီးရင့်သူများကို လစ်လျူရှု ဖယ်ချန်ထားခြင်းများ ရှိခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ ဒုက္ခသည်စခန်းများတွင်  အသက်အရွယ်ကြီးရင့်သော ရိုဟင်ဂျာအမျိုးသား၊ အမျိုးသမီးကြီးများသည် သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအသောက်နှင့် ရေသန့် အစရှိသော အခြေခံအကျဆုံး လိုအပ်ချက်များကိုပင် ပုံမှန် မရရှိပဲ နေကြသည်။ စခန်းများတွင် လူများပြည့်ကျပ်နေခြင်းနှင့် တောင်စောင်းများတွင် တည်ရှိခြင်းတို့က လှုပ်ရှားသွားလာရန် ခက်ခဲသော အသက်ကြီးသူများအတွက် ပိုမို ဒုက္ခတွေ့စေပါသည်။

အသက်ကြီးသူ ရိုဟင်ဂျာများသည် အိမ်သာရှိရာသို့ မသွားနိုင်ပဲ နေထိုင်ရာ တဲများအတွင်းတွင်ပင် အိုးများကို အသုံးပြုကြရသည့်အတွက် ဂုဏ်သိက္ခာပျက် အရှက်ရကြရကြောင်း ပြောပြကြသည်။ အသက် ၉၀ အရွယ် မော်လဗီဟာရွန်က

ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှ ဒုက္ခသည် စခန်းအမှတ် ၁၅ ရှိ ၎င်း၏ တဲထဲတွင် ထိုင်လျက် ယခုကဲ့သို့ ပြောပြသည်။ " အိမ်သာသွားလည်း ဒီမှာပဲ၊ စားတာ အိပ်တာလည်းဒီမှာပဲ။ ကျွန်တော် ဆိတ်တစ်ကောင်၊ နွားတစ်ကောင်လို ဖြစ်လာတယ်။ ဘာပြောနိုင်မလဲ၊ နွားကလည်း သူတို့စားတဲ့နေရာမှာပဲ မစင်စွန့်တယ်၊ အပေါ့စွန့်တယ်။ ကျွန်တော့်မှာလည်းအခု အိမ်သာထဲမှာပဲ အိပ်နေရတာမျိုးပါ။"

အသက်ကြီးသူများသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် စခန်းတွင်းရှိ ဆေးပေးခန်းများသို့လည်း သွားရာတွင်လည်း ဝေးလံခြင်း၊ မြေပြင်အနေအထား ခက်ခဲခြင်းတို့ကြောင့် သွားရောက်ရန်မလွယ်ကူပါ။ သွားရောက်နိုင်သည့်အခါတွင်လည်း စခန်းတွင်းရှိ အသက်ကြီးသူများကို အများဆုံး ဒုက္ခပေးသောရောဂါများဖြစ်သည့် သွေးတိုးခြင်းနှင့် အသက်ရှူလမ်းကြောင်းဝေဒနာများအတွက် ဆေးခန်းများက ကုသမပေးနိုင်ခြင်းများကိုလည်း ကြုံကြရသည်။ အသက်ကြီးသူများသည် ၎င်းတို့လိုအပ်သော ဆေးများကို ဈေးတန်းမှ ဆိုင်များမှ ဝယ်ယူသုံးစွဲနေကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှု အဖြစ် ဆေးဝါးရရှိမှုကိုပါ ထည့်သွင်းဆောင်ရွက်ပေးသင့်ပါသည်။

အသက် ၈၀ ခန့်ရှိသည့် ဂူးလ်ဘဟာက သူလိုအပ်သည့် သွေးတိုးကုသမှုဆေးအတွက် တစ်လကို တာကာ ၅၀၀၀ (အမေရိကန်ဒေါ်လာ ၅၉ ဒေါ်လာ) ခန့်အသုံးပြုနေရသည်ဟု ဆိုပါသည်။ သူ့နေအိမ် အနီးမှဆေးခန်းမှာ ပါရာစီတမောဆေးတစ်မျိုးပဲ ပေးသည်ဟု ပြောပါသည်။ လိုအပ်သည့် ဆေး ဝယ်ယူနိုင်ရန်အတွက် သူတို့ရသည့် ရိက္ခာနှင့် ဆီထဲမှ အချို့ကို ရောင်းချရပြီး၊ စောင်များပင် ရောင်းချခဲ့ရသည်ဟု ပြောပြပါသည်။

၂၀၁၁ ခုနှစ်ကတည်းက လူအများနေအိမ်မှ စွန့်ခွာထွက်ပြေးခဲ့ရသည့် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် သက်မွေးဝမ်းကျောင်းအတွက် ထောက်ပံ့သည့် အစီအစဉ်များကလည်း အသက်ကြီးသူများကို ထည့်သွင်းစဉ်းစားမှု နည်းပါးခဲ့သည်။ အသက်ကြီးသူများသည် အလုပ်အကိုင်ရရှိရေးအတွက်လည်း အခက်အခဲများရင်ဆိုင်ရသည်။ ပြီးခဲ့သည့် နှစ်ပိုင်းမှ စတင်၍ အလှူရှင်များဘက်ကထောက်ပံ့မှုများ လျော့နည်းလာခြင်းနှင့် နေရပ်စွန့်ခွာ ထွက်ပြေးလာသူများအနေနှင့် ၎င်းတို့ ရောက်ရှိရာ ဒေသအနီးတဝိုက်တွင် အလုပ်အကိုင် ရှာဖွေ လုပ်ကိုင် နိုင်လိမ့်မည်ဟူသော ထင်မြင်ယူဆချက်ဖြင့် လူမှုကူညီရေး ထောက်ပံ့မှုများ လျော့နည်းလာခြင်းကလည်း ဒုက္ခသည်သက်ကြီးရွယ်အိုများအတွက် ပိုမို အခက်အခဲတွေ့စေ ပါသည်။

ဒုက္ခသည်စခန်းတစ်ခုသို့ ရောက်မလာခင် တစ်သက်တာလုံး လယ်ယာလုပ်ကိုင်ခဲ့ဖူးသော

အသက် ၆၇ နှစ်အရွယ် ဇာထန်ခေါင်းညွှယ်ဆိုသူ ကချင်အမျိုးသမီးကြီးက "ကျွန်မအလုပ်လုပ်ချင်ပါတယ်၊ ကျွန်မကို ခိုင်းပါဆိုပြီး အလုပ်ရှင်တွေကို သွားပြောခဲ့တယ်၊ ဒါပေမယ့် ကျွန်မ အသက်ကြီးပြီတဲ့၊ သူတို့ လယ်တွေဆီကို လျှောက်နိုင်မှာ မဟုတ်ပါဘူးဆိုပြီး ပြောကြတယ်" ဟု ပြန်ပြောပြပါသည်။

အသက်ကြီးသူ အများအပြား အထူးသဖြင့် အမျိုးသမီးကြီးများမှာ စခန်းကို စီမံခန့်ခွဲ ခေါင်းဆောင်သူများထဲတွင် ပါဝင်ခွင့်နည်းပါးကြသဖြင့် အဆုံးအဖြတ်ပေးရသည့် ကိစ္စများတွင် ၎င်းတို့၏ သဘောထားများ ပါဝင်ခွင့်မရကြပါ။
"လူသားချင်းစာနာတဲ့ အကူအညီပေးမှု ကိစ္စရပ်တိုင်းမှာ အသက်ကြီးသူတွေလည်း ပိုပြီး ပါဝင်သင့်တယ်။ (လိုအပ်ချက်တွေကို) ကနဦး အကဲဖြတ်တာကစလို့ တကယ်တမ်းကူညီထောက်ပံ့မှုတွေအထိ သူတို့ သဘောထားတွေကို ရယူသင့်တယ်။ အသက်ကြီးသူတွေကို သူတို့ရဲ့ အခွင့်အရေးတွေကို ထိထိရောက်ရောက် ပေးနိုင်ဖို့ဆိုရင် သူတို့တွေရဲ့ ကျွမ်းကျင်မှု၊ အမြင်သဘောထားတွေကို ရယူခြင်းနဲ့ စတင်လုပ်ရပါမယ်" လို့ မက်သယူးဝဲလ်စ်က ဆိုပါသည်။

**ထပ်ပြန်တလဲလဲ စိတ်ဒုက္ခဒဏ်ရာ**

မြန်မာနိုင်ငံတလွှားရှိ တိုင်းရင်းသားဒေသများမှ သက်ကြီးရွယ်အိုများအဖို့ ယခုလက်ရှိ အိုးအိမ်စွန့်ခွာထွက်ပြေးရမှုမှာ ဘဝသက်တမ်းတလျှောက်စစ်ပွဲများ၊ ပဋိပက္ခများ၊ စစ်တပ်၏ ဖိနှိပ်မှုများ ခံစားနေခဲ့ရမှုတွင် နောက်ပိုင်းအကျဆုံးကြုံတွေ့ခံစားရမှုဖြစ်သည်။ ကလေးဘဝ၊ လူငယ်ဘဝနှင့် ယခုအသက်အရွယ်အိုမင်းကြီးရင့်ချိန်အထိ အိုးအိမ်များကို သုံးကြိမ်ထက် မနည်း စွန့်ခွာထွက်ပြေးခဲ့ရသော ကချင်၊ ရိုဟင်ဂျာနှင့် ရှမ်း လူမျိုးများအပါအဝင် လူကြီးများ အတော်များများကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသော ဒုက္ခများက စီးပွားရေးအခက် တွေ့စေရုံသာမက စိတ်ပိုင်းဆိုင်ရာ သောကကြီးများလည်း ခံစားရစေပါသည်။

"ကျွန်မ အသက် ကိုးနှစ်ကတည်းက အကြိမ်ကြိမ်ပြေးခဲ့ပြီးပြီ။ တချိန်လုံး သတိနဲ့ နေနေရတယ်။ ယာထဲမှာပဲ ဖြစ်ဖြစ်၊ ခြံထဲမှာပဲ ဖြစ်ဖြစ် ဘယ်မှာပဲ ရှိနေနေ အသင့်ရှိနေရတယ်။ ဘယ်တုန်းကမှ စိတ်အေးလက်အေးမရှိခဲ့ရပါဘူး" လို့ ရွှေ့ပြောင်းဒုက္ခသည်များစခန်းမှာ နေနေရသည့် အသက် ၆၅ နှစ်အရွယ်ကချင်အမျိုးသမီးကြီး အင်ဒင်ထုဘူကပြောပါသည်။

အချို့ သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ သားသမီးတစ်ဦး သို့မဟုတ် သားသမီးများ

မြန်မာစစ်တပ်၏ သတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်း ခံရသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရဖူးသူများလည်း ဖြစ်ပါသည်။

သို့ရာတွင် ယခုကဲ့သို့ ကာလတာရှည် သောက ဒုက္ခများခံစားခဲ့ကြရသော်လည်း အသက်အရွယ်ကြီးမြင့်သူများအတွက် ရည်ရွယ်သောစိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများကို ပြုလုပ်ပေးခြင်းမျိုးမှာ အလွန်နည်းပါးပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့တို့၏ ဘင်္ဂလားဒေ့ရှ်အခြေစိုက် ရုံးများသို့လည်း ဆက်သွယ်ပြီး မိမိတို့ လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ ၎င်းတို့ဘက်မှ တုံ့ပြန်ချက်ကို မေးမြန်းခဲ့ပါသည်။ နှစ်ဖွဲ့စလုံးက ဒုက္ခအကျပ်အတည်းဖြစ်ပြီးစ အချိန်များတွင် အခက်အခဲများရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် အထောက်အပံ့ပေးသည့်လုပ်ငန်းများ ကြီးမားစွာ တိုးတက်လာခဲ့ကြောင်းနှင့် အသက်အရွယ်ကြီးရင့်သူများအတွက် ပိုမိုပါဝင်စေမည့် ထောက်ပံ့ကူညီရေးလုပ်ငန်းစဉ်များ စတင်နေပြီ၊ သို့မဟုတ် စီစဉ်နေပြီ ဖြစ်ကြောင်း ပြောပါသည်။

"ဒုက္ခသည်စခန်းများတွင် တိုးတက်မှုများရှိလာသည်ကို တွေ့မြင်ရပါသည်။ သို့သော် အသက်ကြီးသူ အများအပြားအတွက် ယင်းပြောင်းလဲမှုများမှာ နှေးလွန်းခြင်း၊ မလုံလောက်ခြင်းများ ရှိနေဆဲဖြစ်သည်။ လူသားချင်းစာနာထောက်ထားကူညီရေး လုပ်ငန်းများတွင် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ဒုက္ခအကျပ်အတည်းဖြစ်စ ရက်ပိုင်းများကတည်းက ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုပြီး နောက်မှ လိုက်လုပ်ခြင်းမျိုး မဖြစ်သင့်ပေ။ ယင်းသို့မလုပ်ခဲ့လျှင် လူသားချင်းစာနာထောက်ကူမှုဆိုင်ရာမူဝါဒများဖြစ်သော မူဝါဒများကို ပျက်ယွင်းရာရောက်ပါသည်။ စသည့် လိုအပ်ချက်များအပေါ် မူတည်ပြီးတုံ့ပြန်ပါ၊ မည်သူ့ကိုမျှ ဖယ်ချန်မထားခဲ့ပါနှင့်"ဟု မက်သယူးဝဲလ်စ်ကပြောပါသည်။

"အလှူရှင်နိုင်ငံများကလည်း မြန်မာနိုင်ငံအတွင်းရော ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်တွင်ပါ အကူအညီများတိုးတက်ပေးအပ်ရန်လိုပြီး၊ ယင်းအကူအညီများကို လက်တွေ့ပေးအပ်ရန်ဆောင်ရွက်သော အဖွဲ့များကလည်း သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်ပြီး ကူညီပေးသွားရန်လိုပါသည်။"

အများပြည်သူသို့ ထုတ်ပြန်စာ
****************************************

နောက်ထပ်သတင်းအချက်အလက်များ သို့မဟုတ် အင်တာဗျူးစီစဉ်လိုပါက ယူကေနိုင်ငံ လန်ဒန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ပြန်ကြားရေးရုံးသို့ အောက်ပါ အတိုင်း ဆက်သွယ်နိုင် တယ်လီဖုန်းခေါ် ဆိုနိုင်ပါသည်။

++၄၄ ၂၀ ၇၄၁၃ ၅၅၆၆ (သို့)
အီးမေးလိပ်စာ-press@amnesty.org

တွစ်တာအကောင့်- twitter: @amnestypress